# ၁၉၅၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

*၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။*

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁၆,၅၅,၀၁,၄၀၀ (ဤအက်ဥပဒေ ဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

*၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ် အတွက် ငွေချေးယူခြင်း။*

၂။ ။(၁) ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း၊ စုစုပေါင်းကျပ်ငွေ ၉၆,၀၀,၅၆,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ကလည်း၊ ထိုနှစ်အတွင်း ထိုငွေများကို ဘဏ္ဍာရေး ဝန်ကြီးအား၊ ထုတ်ချေးရမည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍လည်းကောင်း၊ ပြန်ဆပ်ရန်၊ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍လည်းကောင်း အာမခံစာချုပ်များပြုလုပ်၍ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရချေးယူရရှိသောငွေအားလုံးကိုပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင်ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံ စာချုပ်များ နှင့်သက်ဆိုင်သောငွေရင်းနှင့် အတိုးကိုလည်းကောင်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုလည်းကောင်း ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ငွေချေးယူခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃) အရခွင့်ပြုထားသည့် ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

အတိုး—၁၀ ပြား]

# ဇယား

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် ... ... | ၄,၂၂,၈၃၀ |
| အမြတ်တော်ခွန် ... ... ... | ၄,၅၃,၀၀၀ |
| မြန်မာနိုင်ငံတော်အောင်ဘာလေထိန်းဆု ... ... | ၈၃,၇၉၀ |
| ယစ်မျိုး ... ... ... ... | ၅,၉၉,၇၀၀ |
| ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ ... ... | ၈၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၄,၀၃,၉၀၀ |
| အတိုးနှင့်ကြွေးမြီ ... ... ... | ၁၃,၁၅,၉၅၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၂၃,၂၈,၅၈၀ |
| တရားစီရင်ရေး ... ... ... ... | ၆၆,၇၂၀ |
| ရဲအဖွဲ့ ... ... ... ... | ၁,၁၄,၆၃,၂၇၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ ... ... | ၁၂,၀၀,၉၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၆၁,၉၉,၈၁၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၃,၅၇,၀၄၀ |
| ပညာရေး ... ... ... ... | ၁,၇၀,၃၃,၄၁၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၄၆,၉၂,၁၈၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေး ... | ၄,၁၃,၀၁၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ... ... ... | ၂,၀၄,၉၀၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... ... | ၉၁,၉၀၀ |
| အထွေထွေဌာနများ ... ... ... | ၅၇,၃၁,၁၁၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့် ဒင်္ဂါးသွန်းစက်ရုံ ... ... | ၂,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၂၃,၈၀,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း ... ... ... | ၂၆,၀၂,၇၂၀ |
| အထွေထွေ ... ... ... ... | ၂၆,၆၄,၉၂၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း ... ... | ၁,၀၉,၇၀,၇၉၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၃၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ... | ၁၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း ... | ၁၀,၄၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... | ၁၀,၇၄,၀၀၀ |
| စက်မှု လက်မှုအတွက် မ,တည်ငွေရင်း ... ... | ၄၆,၉၄၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၁၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၇၇,၂၂,၃၁၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၁၅,၀၃,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၃၀ |
| မြန်မာ-အိန္ဒိယခွဲခွါရေးကြွေးမြီကို အိန္ဒိယအစိုးရသို့ပြန်လည်ပေးဆပ်ခြင်း | ၀,၇၀,၀၀,၀၀၀ |
| ပေါင်း ... | ၀၆,၅၅,၀၁,၄၀၀ |

ပ၊မ၊ဗ၊စ၊—အမှတ် ၄၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၁၁-၅၄—၂,၀၀၀—၂။